# အကြီးဆုံးဂဏန်းကြီး

**စာရေးသူ.....သက်တန့်ချို (၃၁.၃.၁၀)**




ဗြိတိန်နိုင်ငံက ဂဏန်းကြီးဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးဂဏန်းဖြစ်ပြီး ဆက်လက်ပြီးတော့ လည်း ကြီးထွားလျှက်ရှိ ပါသေးတယ် ။ ဒီအကောင်ကြီးကို အရွယ်အစားကြီးလွန်းတဲ့အတွက် ဂေါ်ဇီလာနဲ့ နှိုင်းယှဉ်ပြီးတော့ သူတို့က Crabzilla လို့ခေါ်ကြပါတယ် ။




ဒီCrabzilla ဟာ ဟိုဘက်လက်မ ကနေ ဒီဘက်လက်မထိ အရှည်တိုင်းကြည့်မယ်ဆိုရင် ၁၀ ပေခန့်ရှည်လျှား ပါတယ် ။ ပြီးတော့ ဒီကောင်ကြီးဟာဆက်လက် ကြီးထွားလျှက်ရှိပါသေးတယ် ။ ဒီကောင်ကြီးကို Pacific သမုဒ္ဒ ယာ ထဲမှာ ငါးဖမ်းသမားတစ်ဦးက ရေထဲမှာ ငါးဖမ်းနေစဉ် ဖမ်းဆီးရရှိခဲ့ခြင်း ဖြစ်ပါတယ် ။ ဒီအကောင်ကြီးဟာ ပင်လယ် သမုဒ္ဒယာထဲမှာ အခုအချိန်အထိ အစားမခံရသေးတဲ့အတွက် ကံကောင်းသွားပါတယ် ။ ဘာကြောင့် လည်းဆိုတော့ ဂဏန်းသားဟာ အလွန်ပဲ ချိန်မြိန်ပြီး အသားစားရေသတ္တဝါ အများစုကလည်းနှစ်သက်ကြလို့ ပဲ ဖြစ်ပါတယ် ။ သင်ဒီကောင်ကြီးကို အပြင်မှာ မြင်တွေ့ဖူးချင်တယ်ဆိုရင်တော့ Brimingham မှ National Sea Life Center မှာ Crabzilla ကို အများပြည်သူတွေ ကြည့်ရှုလေ့လာဖို့အတွက် ပြသထားပါတယ် ။